**Website:** chinland.org **Email:** cnf.headquarters@gmail.com

# နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သစ်အား ကြိုဆိုသောထုတ်ပြန်ကြေညာချက်

၁။ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲ၌ တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက တခဲနက်ရွေးချယ်တင်မြောက်ခဲ့ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က ဦးဆောင်ဖွဲ့စည်းသည့် အစိုးရအဖွဲ့သစ် ထံသို့ နိုင်ငံတော်အာဏာကို ယနေ့၂၀၁၆ခုနှစ်၊မတ်လ (၃၀) ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

၂။ ဒီမိုကရေစီနည်းကျကျ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးကို ချောမွတ်ညင်သာစွာ ဆောင်ရွက်ပေးသော နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်ကို ချီးကျူးဂုဏ်ပြုသကဲ့သို့ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို အသစ်လွှဲပြောင်းထမ်းဆောင်ကြမည့် သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် Pu Henry Van Thio တို့ ဦးဆောင်သည့် အစိုးရအဖွဲ့သစ်ကိုလည်း လှိုက်လှဲစွာကြိုဆိုအပ်ပါသည်။

၃။ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် "အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေ့ရှုသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတခု ပေါ်ပေါက်ရေး" သည် နှစ်ပေါင်း(၆၀) ကျော် ပြည်တွင်းစစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအပြည့်အဝရှိသော စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ချင်းအမျိုးသားတပ်ဦး (CNF)၏ မူဝါဒနှင့် လိုက်လျောညီထွေမှုရှိသောကြောင့် လှိုက်လှဲစွာကြိုဆိုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့။